**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ မေလ (၂၃) ရက်၊ ၂၀၁၇ ခုနှစ်

**သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၁၇)**

၁. ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) သို့ ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူး စေးဖိုး ဦးဆောင်သော ဖွင့်ပွဲတက်ရောက်မည့် ခေါင်းဆောင်များနှင့် ဒုတိယ ဥက္ကဌ ပဒိုစောကွယ်ထူးဝင်း ဦးဆောင်သော ညီလာခံတွင်ပါဝင်ဆွေးနွေးမည့် ကိုယ်စားလှယ် (၂၉) ဦးပါ KNU - ကရင်အမျိုးသားအစည်းအရုံး ၏ ကိုယ်စားလှယ်အဖွဲ့သည် (၂၃၊ ၅၊ ၂၀၁၇) ရက်နေ့တွင် ဌာနချုပ်မှ နေပြည်တော်သို့ ထွက်ခွာသွားပါသည်။

၂. KNU ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) သို့ ပြုလုပ်ကျင်းပပြီးစီးခဲ့သည့် **အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက်(ကရင်)**မှ ဆွေးနွေး ရရှိခဲ့သော ကရင်အမျိုးသားတို့၏ ဆန္ဒသဘောထားတို့ကို အခြေခံရပ်တည်ကိုင်စွဲ၍ အားလုံးလက်ခံနိုင်သော အခြေခံမူဝါဒ တရပ် ရရှိနိုင်ရေးအတွက် ဆွေးနွေးသွားကြမည် ဖြစ်သည်။

၃. ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) မှ ထွက်ပေါ်လာသည့် ရလဒ်များ သည် ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံကောင်းများဖြစ်ရန် ကြိုးစားသွားမည်ဖြစ်သည်။

၄. ညီလာခံ မှ ရရှိမည့် ရလဒ်များနှင့် ဆွေးနွေးချက်များအား မိမိ အဖွဲ့အစည်းအတွင်းသော်လည်းကောင်း၊ ကရင် အမျိုးသားအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းခေါင်းဆောင်များအကြားတွင်သော်လည်းကောင်း ပြန်လည် ရှင်း လင်း ချပြ ဆွေးနွေးမှုများတို့အား ပြုလုပ်မည် ဖြစ်ပါသည်။

၅. KNU – ကရင်အမျိုးသားအစည်းအရုံးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်အပေါ် အခြေခံ၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မိမိကရင် ပြည်သူလူထုနှင့်အတူ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေး အင်အားစုများ၊လူမှုအဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+၆၆) ၈၁ ၈၀၇ ၆၂၇၉ , (+၉၅) ၇၃၂၅၉၄၆၆
(၂) ပဒိုစောတာဒိုမူး (+ ၆၆) ၆၀၅၀၄၉ ၁၁၃, (+၉၅) ၉၇၉၅၈၈၇၀၅၅